**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org**

**မှတ်တမ်းကောက်ယူရေးလုပ်ငန်းစဉ် ကြားဖြတ်အစီရင်ခံစာ။ ။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ**

# နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့မှ လုပ်ဆောင်နေသည့် နိုင်ငံရေးအကျဉ်းသားများ မှတ်တမ်းကောက်ယူရေး အစီအစဉ် ကနဦးတွေ့ရှိချက်များ

## အစီရင်ခံစာအကျဉ်းချုပ်

နိုင်ငံရေးအကျဉ်းသားဟောင်းများအား ပတ်ဝန်းကျင်အသိုင်းအဝိုင်းအတွင်း အဆင်ပြေချောမွေ့စွာ ပြန်လည် ဝင်ဆန့်နိုင်ရေးအတွက် ကူညီစောင့်ရှောက်ရန် အစိုးရမှတာဝန်ယူလုပ်ဆောင်ပေးမှုဆိုသည်မှာ မြန်မာနိုင်ငံတွင် ယနေ့ကာလအထိ မရှိသလောက်ပင်ဖြစ်ပါသည်။ ထိုသို့အရေးစိုက်လုပ်ဆောင်ရန်ပျက်ကွက်မှု၏ အကျိုးသက်ရောက်မှုများသည် နိုင်ငံရေးအကျဉ်းသားဟောင်းများနှင့် ၎င်းတို့မိသားစုဝင်များ၏ နေ့တရူဂ ဘဝများကို သာမက မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးအတွက် ကြိုးပမ်းအားထုတ်မှုများကိုပါ များစွာထိခိုက် ဆုတ်ယုတ်နစ်နာစေပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ စတင်လုပ်ဆောင်သည့် ၂၀၁၁ ခုနှစ်မှစကာ နိုင်ငံရေးအကျဉ်းသား[1] အများအပြားအား အစုလိုက် အစုလိုက် ထောင်မှလွှတ်ပေးပြီးနောက် ထိုတာဝန်ပျက်ကွက်မှုသည် အရေးတကြီးအာရုံစိုက်စရာကိစ္စရပ်ဖြစ်လာပါသည်။

[1] Please refer to AAPP's official definition and criteria of a political prisoner

မြန်မာနိုင်ငံအနှံ့အပြားတွင် နိုင်ငံရေးအကျဉ်းသားပေါင်း ၇၀၀၀ မှ ၁၀၀၀၀ အထိ ရှိမည်ဟု ခန့်မှန်းရသော်လည်း ၎င်းတို့၏ လက်ရှိ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အခြေအနေများနှင့်ပတ်သက်ပြီး မည်သည့်သတင်း အချက်အလက်မှ မရှိရုံသာမက ၎င်းတို့အကျဉ်းကျစဉ်ကာလ အတွေ့အကြုံများနှင့်ပတ်သက်၍လည်း မှတ်တမ်း မှတ်ရာ ပြုစုစုဆောင်းမှုလည်း မရှိခဲ့ပါ။ ၂၀၁၄ ခုနှစ် မတ်လမှစတင်ကာ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) (သို့) အေအေပီပီ နှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့ (FPPS) တို့မှ မြန်မာနိုင်ငံတဝှမ်းသာမက မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားဟောင်း အချို့ရောက်ရှိနေသည့် ထိုင်း-မြန်မာ နယ်စပ်တလျှောက်တွင်ပါ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လူမှုစီးပွားအခြေအနေများအား မှတ်တမ်း ကောက်ယူသည့်လုပ်ငန်းစဉ်အား လုပ်ကိုင်လျှက်ရှိပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ မည်သည့် အရပ်ဒေသတွင် ရှိနေကြသည်၊ ၎င်းတို့အနေဖြင့် မည်သည့်ထောင်တွင်းအတွေ့အကြုံများ ရင်ဆိုင်ရသည် ဆိုသည်နှင့် အနာဂတ် ပြန်လည် ထူထောင်ရေးနှင့် ကူညီထောက်ပံ့ရေး လုပ်ငန်းစဉ်များအတွက် ၎င်းတို့၏ လိုအပ်ချက်အား အကဲဖြတ် ချင့်တွက်ရန် စသည့်ရည်ရွယ်ချက်သုံးခုဖြင့် မှတ်တမ်းကောက်ယူသည့် လုပ်ငန်းစဉ်အား လုပ်ဆောင်နေခြင်း ဖြစ်ပါသည်။

မှတ်တမ်းကောက်ယူသည့်လုပ်ငန်းပြီးဆုံးမည့် ၂၀၁၅ ခုနှစ် နှစ်လည်ခန့်တွင် ရရှိလာမည့် အချက်အလက် မှတ်တမ်း မှတ်ရာများပေါ် အခြေခံကာ နိုင်ငံရေးအကျဉ်းသားများအား တရားလက်လွတ် ညှဉ်းပမ်း နှိပ်စက်မှုများကို ဖော်ပြသည့် အစီရင်ခံစာနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတွင် အထောက်အကူ ဖြစ်စေမည့် ပြန်လည် ကုစားရေးအစီအစဉ် ဖော်ဆောင်ရန်အတွက် နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ လိုအပ်ချက်များအား ဖော်ထုတ် အကဲဖြတ်မည့်အစီရင်ခံစာ စသည့် အစီရင်ခံစာနှစ်ခုအား ထုတ်ပြန်ကာ မှတ်တမ်းကောက်ယူသည့် လုပ်ငန်းအား နိဂုံးချုပ်မည်ဖြစ်ပါသည်။

အေအေပီပီနှင့် FPPS မှလုပ်ဆောင်နေသော မှတ်တမ်းကောက်ယူသည့်လုပ်ငန်းစဉ် မည်သည့်အခြေအနေ ရောက်နေပြီ ဆိုသည်ကို အကြမ်းဖျင်းသုံးသပ်ဖော်ပြရန် ရည်ရွယ်ချက်ဖြင့် ယခုကြားဖြတ်အစီရင်ခံစာအား ထုတ်ပေခြင်းဖြစ်ပါသည်။ အစီရင်ခံစာပထမပိုင်းတွင် အချက်အလက်မှတ်တမ်းမှတ်ရာ မည်သို့ကောက်ယူသည်၊ မည်သို့ စိစစ်သိမ်းဆည်းသည်ဆိုသည့် နည်းစံနစ်အား ဖော်ပြထားပြီး ဒုတိယပိုင်းတွင်မူ အချက်အလက် ကောက်ရာမှရရှိလာသည့် တွေ့ရှိချက်များနှင့် နောက်ဆုံးအပိုင်းဖြစ်သည့် တတိယပိုင်းတွင်မူ မှတ်တမ်း ကောက်ယူသည့် လုပ်ငန်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းဖော်ပြထားပါသည်။

## အသုံးပြုသည့်နည်းစံနစ်

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ The University of California Irvine (UCI)'s School of Law International Justice Clinic မှ အေအေပီပီနှင့် FPPS တို့အား နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အချက်အလက် မှတ်တမ်း ကောက်ယူရေးအတွက် နည်းစံနစ်အကူအညီပေးခဲ့ပါသည်။ ထိုနည်းစံနစ်မှာ တောင်အာဖရိက၊ မြောက်ပိုင်းအိုင်ယာလန်၊ ချက် သမ္မတနိုင်ငံ၊ နီပေါလ်နှင့် အာဂျင်တီးနားနိုင်ငံတို့တွင် နိုင်ငံရေး အကျဉ်းသားဟောင်းများ၏ အချက်အလက်မှတ်တမ်းများ ကောက်ယူရာတွင် အသုံးပြုခဲ့သည့် နည်းစံနစ်အား အခြေခံထားခြင်းဖြစ်ပါသည်။ အချက်အလက်ကောက်ယူသည့် ပုံစံလွှာတွင် လွတ်လွတ်လပ်လပ်ဖြေဆိုနိုင်မည့် မေးခွန်းများ၊ ပေးထားသည့် အဖြေများထဲမှ ရွေးချယ်ဖြေဆိုရမည့် မေးခွန်းများ၊ နေရာဒေသ၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်း ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များ၊ အခြေခံစီးပွားရေး အပြင် ရည်မှန်းချက် လိုအပ်ချက်နှင့် ပတ်သက်သည့် မေးခွန်းများ ထောင်မှလွတ်ပြီးနောက်ပိုင်း အသိုင်းအဝိုင်းတွင်း ပြန်လည်ဝင်ရောက်ရာတွင် ကြုံရသည့် အခြေအနေများနှင့် ပတ်သက်သည့် မေးခွန်းများ ပါဝင်ပါသည်။

၂၀၁၄ ခုနှစ် မတ်လတွင် အချက်အလက်မှတ်တမ်းကောက်ယူခြင်းလုပ်ငန်းအား စတင်လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဧပရယ်လတွင် the International Center for Transitional Justice (ICTJ) မှ အေအေပီပီနှင့် FPPS မှ အချက်အလက်ကောက်ယူသူများအား အချက်အလက်မှတ်တမ်း မည်သို့ကောက်ယူရမည်ဆိုသည်ကို သင်တန်းပို့ချပေးခဲ့ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် မြန်မာပြည်အနှံ့နှင့် ထိုင်း-မြန်မာနယ်စပ်တလျောက်ရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ၏ အချက်အလက်မှတ်တမ်းများအား နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ မိသားစု အဆက်အသွယ်များ၊ ဒေသခံကွန်ယက်များ ဝိုင်းဝန်းကူညီသူများ မှတဆင့် ကောက်ယူစုဆောင်း မှတ်တမ်း ပြုခဲ့ခြင်းဖြစ်ပါသည်။ အစိုးရအာဏာပိုင်များဖက်မှ ပွင့်လင်းမြင်သာမှုမရှိခြင်း ပူးပေါင်းဆောင်ရွက်မှု မရှိခြင်း တို့ကြောင့် မြန်မာနိုင်ငံတွင်း လုပ်ဆောင်သည့် အချက်အလက် မှတ်တမ်းကောက်ယူမှုလုပ်ငန်းသည် အခက်အခဲအချို့နှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထို့အတွက် အေအေပီပီနှင့် FPPS တို့မှ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တို့ကဲ့သို့ အဖွဲ့အစည်းများနှင့် လက်တွဲကာ မှတ်တမ်းကောက်ယူရေးလုပ်ငန်းအား ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ် အာဏာသိမ်းချိန်မှစကာ ခေတ်အဆက်ဆက် နိုင်ငံရေးအရ ထောင်သွင်းအကျဉ်းချခံခဲ့ရသူများ၏ အချက်အလက်မှတ်တမ်းများ စုဆောင်းပြုစုခြင်းအား ထိုပူးပေါင်းဆောင်ရွက်မှုမှတဆင့် လုပ်ဆောင်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အချို့နိုင်ငံရေးအကျဉ်းသားဟောင်းများမှ စိတ်ဒဏ်ရာဖြစ်ခဲ့ရသည့် အတွေ့အကြုံဆိုးများကြောင့် အတိတ်အား ပြန်လည်ဖော်ထုတ်လိုစိတ်မရှိခြင်းနှင့် ထိုအတိတ်ဆိုးများအား ဖော်ထုတ်ရာမှ ပြန်လည်ဂယက်ရိုက်ကာ ထပ်မံခံစားရမည်ကို စိုးရွံ့ခြင်းတို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအား စုဆောင်းမှတ်တမ်းယူရခြင်းသည် လွယ်ကူသည့် အလုပ်တော့ မဟုတ်ခဲ့ပါ။ ထို့အတွက်ကြောင့် အေအေပီပီနှင့် FPPS တို့အနေဖြင့် မှတ်တမ်းကောက်ယူသည့်လုပ်ငန်းစဉ်

မစတင်မီတွင် မှတ်တမ်းကောက်ယူသည့် လုပ်ငန်းစဉ်သည် ပွင့်လင်းမြင်သာမှုရှိကြောင်း ရပ်ရွာလူထု အသီးသီးအား မိတ်ဆက်မှု လုပ်ဆောင်ခဲ့ပါသည်။



ကျောင်းကုန်းမြို့တွင် နိုင်ငံရေးအကျဉ်းသားဟောင်းများအား မှတ်တမ်းကောက်ယူသည့် အစီအစဉ်နှင့် ပတ်သက်သည်များကို အချက်အလက်ကောက်ယူသူတဦးမှ ရှင်းလင်းပြောကြားနေစဉ်

မှတ်တမ်းကောက်ယူသူများ ကိုယ်တိုင်အချက်အလက်မပြုစုနိုင်သည့် နေရာဒေသများတွင် မှတ်တမ်းအချက်အလက် မေးခွန်းလွှာများအား ဆုံရပ်တခုတွင်ဖြန့်ဖြူးခဲ့ကာ နိုင်ကျဉ်းဟောင်းများမှ ဖြည့်ပြီးသည့် မေးခွန်းလွှာများအားသိမ်းဆည်းကာ အေအေပီပီသို့ပြန်လည်ပေးပို့သည့် ပုံစံဖြင့်လည်း လုပ်ဆောင်ရသည်များ ရှိပါသည်။ ကွယ်လွန်သွားပြီးသူ နိုင်ကျဉ်းဟောင်းများအတွက် အချက်အလက်များအား မိသားစုဝင်များမှ ဖြည့်စွက်ပေးကြပါသည်။ အေအေပီပီနှင့် FPPS တို့အနေဖြင့် စုစုပေါင်း မှတ်တမ်းမေးခွန်းလွှာ ၅၀၀၀ ခန့် ဖြန့်ဝေခဲ့ပြီး ထိုအထဲမှ ၂၈၄၉ စောင် ပြန်လည်လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။



နိုင်ငံရေးအကျဉ်းသားဟောင်းများမှ အချက်အလက်မှတ်တမ်း ကောက်ယူသည့် မေးခွန်းလွှာတွင် ဖြည့်သွင်းနေကြစဉ်

မှတ်တမ်းကောက်ယူသူများမှ ယခုလက်ရှိအချိန်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် ရန်ကုန်မြို့နှင့် ဒလမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူးနှင့် ပြည်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် လပွတ္တာ၊ မြောင်းမြ၊ အိမ်မဲ၊ ဂါးခယ်မ၊ ကျောင်းကုန်း၊ ကျုံပျော်၊ ပုသိမ်နှင့် ဘိုကလေးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် မိတ္ထီလာ၊ မလှိုင်၊ မန္တလေးနှင့် ပခုက္ကူမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်းနှင့် ပုပ္ပါး၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကျောက်မဲ၊ သီပေါနှင့် လားရှိုးမြို့နယ်၊ ရခိုင်ပြည်နယ်တွင် တောင်ကုတ်၊ သံတွဲ၊ ဂွ နှင့် ကျိန်တလီမြို့နယ်၊ ထိုင်း-မြန်မာနယ်စပ်တွင် မဲဆောက်မြို့နယ်နှင့် နို့ဖိုး၊ အုန်းဖျံ၊ မယ်လစခန်းများ စသည့်နေရာဒေသများတွင် မှတ်တမ်းအချက်အလက်ကောက်ယူပြီးဖြစ်ပါသည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး အေအေပီပီရန်ကုန်ရုံးရှိ အချက်အလက်သိမ်းဆည်းသူများမှ လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းပြုစုသိမ်းဆည်းသည့် လုပ်ငန်းလုပ်ဆောင်သည့် အဖွဲ့အစည်းများအတွက် အချက်အလက်သိမ်းဆည်းရာတွင် လုံခြုံစိတ်ချမှုရှိစေရန် ရည်ရွယ်ဖန်တီးထားသည့် Martus ပရိုဂရမ်အား အသုံးပြုကာ အချက်အလက်များအား စံနစ်တကျသိုမှီးသိမ်းဆည်းလျက်ရှိပါသည်။ အချက်အလက် သိမ်းဆည်းခြင်း၊ အချက်အလက်များအား မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းတို့နှင့် ပတ်သက်သည့် ချို့ယွင်းချက်အနည်းငယ်အားတွေ့ရှိပြီးနောက် အချက်အလက်ထည့်သွင်းသိမ်းဆည်းသည့် လုပ်ငန်းစဉ်အား ပြန်လည်သုံးသပ်ပြင်ဆင်ခဲ့ပါသည်။ သိုမှီးထားပြီးသည့် အချက်အလက်များအား အမှားအယွင်း ကင်းအောင် အထပ်ထပ်ပြန်စစ်ကာ အေအေပီပီ သုတေသနနှင့် အချက်အလက်ဆိုင်ရာ အကြံပေးထံသို့ နောက်ဆုံးအဆင့်အဖြစ် ပေးပို့သိမ်းဆည်းလျက်ရှိပါသည်။ ထိုသို့အထပ်ထပ်ပြန်စစ်ရသည့်အတွက် မှတ်တမ်း

ကောက်ယူသိမ်းဆည်းသည့် လုပ်ငန်းစဉ်အနေဖြင့် အနည်းငယ်နှောင့်နှေးသွားရသော်လည်း စုဆောင်းသိမ်းဆည်းထားပြီးသည့် အချက်အလက်များမှာ စံချိန်မှီသော၊ အမှားအယွင်းကင်းသော၊ ယုံကြည်စိတ်ချရသော အချက်အလက်များ ဖြစ်လာသည့် အကျိုးအမြတ် ရလာဒ်ကောင်းများ ရရှိပါသည်။


**ကနဦးတွေ့ရှိချက်များ**

အောက်ဖော်ပြပါအခန်းတွင် စိစစ်ပြီး အချက်အလက်မှတ်တမ်းပေါင်း ၄၃၈ အား သုံးသပ်ရာမှ တွေ့ရှိသည့် အဓိကအချက်များအား ဖော်ပြထားပါသည်။ ထိုမှတ်တမ်းပေါင်း ၄၃၈ ထဲမှ ၄၆ စောင်မှာ ကွယ်လွန်သွားသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် အချက်အလက်များအား မိသားစု ဆွေမျိုးများမှ ဖြည့်သွင်းပေးခဲ့သည့် မှတ်တမ်းများဖြစ်ပြီး ၃၉၄ စောင်မှာမူ နိုင်ငံရေးအကျဉ်းသားဟောင်းများမှ ကိုယ်တိုင်ဖြည့်သွင်းခဲ့သည့် မှတ်တမ်းများ ဖြစ်ကြပါသည်။ ထိုမှတ်တမ်း ၄၃၈ အား ဆန်းစစ်ချက်အရပင်လျှင် အကျဉ်းကျနေစဉ်အတွင်း နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ခဲ့ရသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ထောင်မှလွတ်ပြီး နိုင်ငံရေးအကျဉ်းသားဟောင်းများ ကြုံတွေ့ရသည့် ဒုက္ခမျိုးစုံအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်ပါသည်။ မြန်မာနိုင်ငံရှိ ရာပေါင်း ထောင်ပေါင်းများစွာသော နိုင်ငံရေးအကျဉ်းသားဟောင်းများသည် အစိုးရအဆက်ဆက်မှ လုပ်ဆောင်ခဲ့သည့် ထောင်သွင်းအကျဉ်းချမှုများ၊ တရားလက်လွတ် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် ငွေရေးကြေးရေးနှင့် အသက်မွေးဝမ်းကျောင်းမှုတွင် နစ်နာထိခိုက်မှုများ ဆိုးဝါးစွာဆက်လက်ခံစားနေရမည့် အခြေအနေတွင်ရှိနေသည်မှာ အသေအချာပင် ဖြစ်ပါသည်။

**ထောင်တွင်းနှိပ်စက်မှုများနှင့် နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများ**

အေအေပီပီနှင့် FPPS တို့မှ မှတ်တမ်းကောက်ယူရာတွင် အချက်အလက်ဖြည့်သွင်းခဲ့ကြသည့် နိုင်ငံရေးအကျဉ်းသားဟောင်း အများစုကြီးမှ ထောင်တွင်းတွင် နည်းလမ်းပေါင်းမျိုးစုံ တနည်းမဟုတ်တနည်းဖြင့် နှိပ်စက်ခံခဲ့ရသည်ဟု ဖော်ပြကြပါသည်။ မှတ်တမ်းဖြည့်သွင်းပေးသူ ၇၄ ရာခိုင်နှုန်းမှ ကိုယ်ထိလက်ရောက် နှိပ်စက်ညှဉ်းပန်းမှု ခံခဲ့ရသည်ဟု ဖော်ပြခဲ့ကြပြီး ၇၆ ရာခိုင်နှုန်းမှ စိတ်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်ဟု ဖော်ပြကြပါသည်။ မှတ်တမ်းပုံစံထဲတွင် ဖြည့်သွင်းသူများအနေဖြင့် ကောင်းစွာရှင်းရှင်းလင်းလင်း ဖြေဆိုနိုင်စေရန်အတွက် ညှဉ်းပန်းနှိပ်စက်သည့်နည်းများအား အစဉ်လိုက်ဖော်ပြပေးထားပါသည်။ (အောက်တွင်ဖော်ပြထားသော ဇယား ၁ အား ဥပမာကြည့်ပါ)

ဇယား ၁




နှိပ်စက်ညှဉ်းပမ်းသည့် နည်းလမ်းများ

တွေ့ရှိချက်များအရ နည်းလမ်းပေါင်းစုံနှင့် နှိပ်စက်ညှဉ်းပမ်းမှုများအား ထောင်တွင်းတွင်သာမက စစ်ကြောရေးတွင်လည်း လုပ်ဆောင်ကြောင်း ပေါ်ပေါက်ပါသည်။ ထောင်တွင်းနှင့် စစ်ကြောရေးကာလ နှိပ်စက်ညှဉ်းပမ်းမှုများတွင် မည်သူနှင့်မှ အဆက်အသွယ်လုပ်ခွင့်မရှိပဲ တဦးတည်း လှျို့ဝှက်ချုပ်နှောင်ခံရခြင်း၊ အစာဂလင်စာမစားရခြင်း၊ ရေဂလင်စွာမသောက်ရခြင်း၊ မအိပ်ရခြင်း၊ ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုဆက်ဆံခံရခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခံရခြင်းနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှု ငြင်းပယ်ခံရခြင်းတို့လည်း ပါဝင်ကြပါသည်။ ကွယ်လွန်သွားပြီးသူ နိုင်ကျဉ်း ၄၆ ဦးတွင် ထောင်တွင်းတွင် သို့မဟုတ် စစ်ကြောရေးတွင် ကွယ်လွန်ခဲ့သူ ၈ ဦး ပါဝင်ပါသည်။

မှတ်တမ်းဖြည့်သွင်းသူ နိုင်ကျဉ်းဟောင်းများ ၎င်းတို့ခံစားခဲ့ရသည်များအား ဖော်ပြထားသည့်အချက်များထဲမှ အဓိက လူ့အခွင့်အရေး ချိုးဖောက်မှုတခုမှာ လူသားတယောက်၏ ဂုဏ်သိက္ခာအား ချိုးဖောက်ကာ တရိစ္ဆာန်ကဲ့သို့ ဆက်ဆံခံရခြင်းပင်ဖြစ်ပါသည်။ အိမ်သာနှင့် ရေချိုးရန် လိုအပ်သည့်အထောက်အပံ့ပစ္စည်းများကဲ့သို့ အခြေခံတကိုယ်ရေသန့်ရှင်းရေးရပိုင်ခွင့်များအား ကန့်သတ်ခြင်း သို့မဟုတ် ငြင်းပယ်ခံရခြင်းများလည်း ထိုချိုးဖောက်မှုထဲတွင် အကျုံးဝင်ပါသည်။ မှတ်တမ်းဖြည့်သွင်းသူ နိုင်ကျဉ်းဟောင်းတဦး၏ ဖော်ပြချက်တွင်


သောက်သုံးရန်သောက်ရေ အကြိမ်ကြိမ် ငြင်းပယ်ခံရသဖြင့် အိမ်သာသွားရန် ရှားရှားပါးပါးခွင့်ပြုချိန်တွင် အိမ်သာသုံးသည့်ရေအား သောက်ခဲ့ရကြောင်း ဖော်ပြထားပါသည်။ နိုင်ငံရေးအကျဉ်းသားများ ရင်ဆိုင်ကြုံတွေ့ရသည့် မသတီစရာနိမ့်ကျသည့် အခြေအနေများကြောင့် ၎င်းတို့အနေဖြင့် တီဘီအဆုတ်နာ၊ အူရောင်ငန်းဖျား၊ အသည်းရောင်အသားဝါ၊ ဝမ်းကိုက်ရောဂါနှင့် ဝမ်းရောဂါများကဲ့သို့ ရောဂါပေါင်း အနန္တ စွဲကပ်ခံစားရသည့် အခြေအနေနှင့် ရင်ဆိုင်ကြရပါသည်။

ထောင်တွင်းနှိပ်စက်မှုနှင့် ထိုသို့ကူးစက်ခဲ့သည့် ရောဂါများ၏ ဖိစီးနှိပ်စက်မှုတို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ အနေဖြင့် ထောင်မှလွတ်မြောက်ပြီးသည့်အခါတွင်လည်း သွေးတိုး၊ နလုံး၊ မျက်လုံးဆိုင်ရာ ရောဂါများနှင့် စိတ်ဖိစီးမှုတို့အပြင် အထူးသဖြင့် ရင်ဘတ်နာခြင်း ကျောနာခြင်းတို့ကဲ့သို့ တကိုယ်လုံးနေရာအနှံ့ နာကျင်ကိုက်ခဲခြင်းများ ခံစားကြရပါသည်။ နိုင်ကျဉ်းဟောင်းအများအပြားမှ နှိပ်စက်ညှဉ်းပမ်းခံရခြင်းနှင့် ထောင်တွင်းတွင် ကာလကြာရှည် သမံတလင်းပေါ်တွင် အခင်းမဲ့အိပ်ရသောကြောင့် (ထောင်ထဲတွင် ၂၀၀၇ နောက်ပိုင်းတွင်သာ သစ်သားကွပ်ပျစ်များ ထားပေးပါသည်) အာရုံကြောအားနည်းခြင်း သွက်ချာပါဒ ကဲ့သို့ တကိုယ်လုံး တုံ့ဆိုင်းခြင်း ဝေဒနာများခံစားရကြောင်း ဖော်ပြကြပါသည်။ မှတ်တမ်းဖြည့်သွင်းကြသော နိုင်ကျဉ်းဟောင်းအများစုမှာ ထောင်ထဲတွင် ခံစားခဲ့ရသည့် စိတ်ပိုင်း ရုပ်ပိုင်း ဒဏ်ရာများအားကုသရန် လုံလောက်သည့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု မရသေးသူများ ဖြစ်ကြပါသည်။

### ပညာရေးနှင့် အလုပ်အကိုင်

နိုင်ကျဉ်းဟောင်းအများစုမှာ ထောင်မကျခင်ကာလတွင် ပညာရေးအဆင့် မြင့်မားပြီး ရပ်ရွာအရေးတွင် တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြသူများ ဖြစ်ကြပါသည်။ (ဇယား ၂ အား ကြည့်ပါ)။ စိစစ်ပြီး မှတ်တမ်း ၄၃၀ အား သုံးသပ်ရာတွင် ၂၆ ရာခိုင်နှုန်းမှာ အထက်တန်းအောင်ပြီးသူများဟု ဖော်ပြကြပြီး ၃ ရာခိုင်နှုန်းမှာ ဘုန်းကြီးကျောင်းတွင် ပညာသင်ခဲ့သည်ဟု ဖော်ပြကြပါသည်။ ၂၁ ရာခိုင်နှုန်းမှ ဒီပလိုမာ သို့မဟုတ် တက္ကသိုလ် ပထမဘွဲ့ ရရှိခဲ့သည်ဟု ဖော်ပြကြပြီး ၂ ရာခိုင်နှုန်းမှာမူ ဘွဲ့လွန်အထိအောင်မြင်ခဲ့သည်ဟု ဖော်ပြကြပါသည်။ ထို့အပြင် ၇ ရာခိုင်နှုန်းသော နိုင်ကျဉ်းဟောင်းများမှ အဖမ်းခံရချိန်တွင် တက္ကသိုလ်ပထမဘွဲ့အတွက် ကျောင်းတက်ဆဲဖြစ်သည်ဟု ဖော်ပြကြပါသည်။ နိုင်ကျဉ်းဟောင်းအချို့မှ ထောင်မကျခင်တွင် ဥပဒေ၊ ဆေး၊ သွားဘက်ဆိုင်ရာ၊ ဘဏ်၊ အင်ဂျင်နီယာ၊ စာရင်းစစ် နှင့် ဆရာများ စသဖြင့် ဝင်ငွေခိုင်မာသည့် အသက်မွေး ဝမ်းကျောင်းမှုများ လုပ်ကိုင်နေကြသူများဖြစ်သည်ဟု ဖော်ပြကြပါသည်။

ဇယား ၂




အကျဉ်းချမခံရမီတွင် ထိုသို့သော ပညာရေးအဆင့်အတန်းနှင့် အသက်မွေးဝမ်းကျောင်းအခြေအနေများ ရရှိခဲ့ကြသော်လည်း မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် လူ့အဖွဲ့အစည်းတွင်းသို့ အောင်အောင်မြင်မြင် ချောချောမွေ့မွေ့ ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် အကြီးမားဆုံးသော အတားအဆီးမှာ အကျိုးရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးခြင်းပင်ဖြစ်ပါသည်။ မှတ်တမ်းဖြည့်သူ နိုင်ငံရေး အကျဉ်းသားဟောင်းများထဲမှ အများစုမှာ အလုပ်အကိုင်တခုမဟုတ်တခုရှိကြသော်လည်း ၃၈၄ ဦးထဲမှ ၁၈ ရာခိုင်နှုန်းမှာ အလုပ်အကိုင်မဲ့နေကြောင်း ဖော်ပြကြပြီး အလုပ်အကိုင်ရှိသည်ဟု ဖော်ပြထားသည့်အထဲမှ ၇၅ ရာခိုင်နှုန်းမှာ အလုပ်အကိုင်ရှိသော်လည်း လုံလောက်သည့်ဝင်ငွေမရှိဟု ဖြေကြားထားပါသည်။ ထောင်မှ လွတ်ပြီးနောက်တွင် နိုင်ငံရေးအကျဉ်းသားအများစုအနေဖြင့် ဥပဒေအရ တားမြစ်ခံရမှုများသာမက ထောင်ထွက်ဖြစ်နေသည့်အတွက် လူမှုရေးအတားအဆီးများပါ ရင်ဆိုင်ရကာ အလုပ်အကိုင်အဆင်မပြေခြင်းများ ကြုံကြရပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအများစုမှာ ယခင်လုပ်ကိုင်ခဲ့သည့် သက်မွေးဝမ်းကျောင်း အလုပ်များ ပြန်လည်မရရှိခြင်း နိုင်ငံရေးအကျဉ်းသားဟောင်းဖြစ်ခြင်းတို့ကြောင့် အလုပ်ရှင်မှ အလုပ်မခန့်ချင် သို့မဟုတ် မခန့်ရဲခြင်းတို့အား ရင်ဆိုင်ကြရပါသည်။

အလုပ်ရှင်များမှ နိုင်ကျဉ်းဟောင်းများအား အလုပ်ခန့်ပါက သို့မဟုတ် ၎င်းတို့နှင့် ပတ်သက်ပါက ဂယက်ရိုက်ခတ်မည် (အစိုးရ၏ အငြိုးအငြင်ခံရမည်) ကို စိုးရိမ်ကြသည့်အတွက် အလုပ်မရခြင်းနှင့်

၎င်း၏နောက်ဆက်တွဲအဖြစ် လုံလောက်သည့်ဝင်ငွေမရခြင်းတို့သည် အလုပ်အကိုင်ရရှိရေး ကြိုးပမ်းရာတွင် အဟန့်အတားဖြစ်စေသည့် အဓိကအကြောင်းရင်းပင်ဖြစ်ကြောင်း နိုင်ကျဉ်းဟောင်းအများစုမှ ဖော်ပြကြပါသည်။ ထို့အတွက် နိုင်ကျဉ်းဟောင်းအများစုအနေဖြင့် ကျွမ်းကျင်မှုမလိုသည့် ကျပမ်းအလုပ်များသာ လုပ်ကိုင်ကြရသောကြောင့် အလုပ်ရှိသော်လည်း လုံလောက်သည့်ဝင်ငွေ သို့မဟုတ် ပုံမှန်ဝင်ငွေ မရရှိခြင်းနှင့် ရင်ဆိုင်ကြရပါသည်။ နိုင်ကျဉ်းဟောင်းအများစုအနေဖြင့် ၎င်းတို့အရည်အချင်းမှာ လုပ်နေရသည့်အလုပ်ထက် များစွာမြင့်မားသော်လည်း ရွေးချယ်စရာမရှိသဖြင့် ရရာအလုပ်ကိုဝင်လုပ်ကြရသည့် အခြေအနေနှင့် ကြုံနေကြရပါသည်။

နိပ်စက်ညှဉ်းပမ်းခံရခြင်းကြောင့် အတွင်းအပြင်ဒဏ်ရာများရရှိခဲ့ရုံသာမက လိုအပ်သလို ပျောက်ကင်းအောင် ကုသခွင့်မရခဲ့ကြသည့်အတွက်လည်း နိုင်ကျဉ်းဟောင်းအများအပြားမှာ အလုပ်လုပ်နိုင်အောင်လိုအပ်သည့် ကြံ့ခိုင်မှုမရှိသဖြင့် အလုပ်မရခြင်းမျိုးလည်းရှိနေပါသည်။ အချို့နိုင်ကျဉ်းဟောင်းများမှ စိတ်ကျဒဏ်ရာကဲ့သို့ စိတ်ပိုင်းဆိုင်ရာ ဝေဒနာများခံစားနေရသဖြင့် အလုပ်တွင်ပုံမှန်လုပ်ကိုင်လည်ပတ်နိုင်ခြင်းမရှိသည့်အတွက် အလုပ်အကိုင်အခက်အခဲကြုံရကြောင်းလည်း ဖော်ပြကြပါသည်။ မှတ်တမ်းဖြည့်သွင်းသူ နိုင်ကျဉ်းဟောင်း များထဲမှ တဝက်ခန့်က အကျဉ်းစံဘဝတွင် ခံစားခဲ့ရသည့် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများ လိုအပ်သည့် ကုသမှုမရသေးသဖြင့် နာတာရှည်စွဲကပ်ခံစားနေရကြောင်းလည်း ဖော်ပြကြပါသည်။

ထို့အပြင် ကျောင်းမပြီးသေးခင် အကျဉ်းချခံရသူများအနေဖြင့် ထောင်မှလွတ်မြောက်ပြီးနောက်ပိုင်းတွင်လည်း ကျောင်းဆက်တက်ခွင့်မရခြင်းကြောင့် ပညာတပိုင်းတစ ဆုံးခန်းမတိုင်သူများလည်း အမြောက်အများ ရှိနေပါသည်။

**ငွေရေးကြေးရေး အခက်အခဲ**

အကျဉ်းချခံရခြင်း အကျိုးဆက်အဖြစ် နိုင်ငံရေးအကျဉ်းသားများနှင့် ၎င်းတို့မိသားစုဝင်များရင်ဆိုင်ရသည့် ငွေရေးကြေးရေး အခြေအနေသည် ဆိုးဝါးလှသည့်အနေအထားတွင် ရှိနေပါသည်။ မိသားစုအများစုအတွက် နိုင်ငံရေးအကျဉ်းသားသည် အဓိကဝင်ငွေရှာသူဖြစ်ပါသည်။ မှတ်တမ်းဖြည့်သူ ၇၄ ရာခိုင်နှုန်းမှ ၎င်းတို့မိသားစု များသည် ၎င်းတို့ကိုမှီခိုနေရသူများဖြစ်သည်ဟု ဖော်ပြထားပါသည်။ ထိုသို့ မိသားစုဝင်ငွေရှာသူ အိမ်ထောင်ဦးစီး ထောင်ကျသွားသောအခါ မိသားစုများအနေဖြင့် ဝင်ငွေမရှိတော့သည့်ဒဏ်ကို အလူးအလဲ ခံကြရပါသည်။ မှတ်တမ်းဖြေဆိုသူ ၈၆ ရာခိုင်နှုန်းမှ ၎င်းတို့ထောင်ကျသည့်အတွက် မိသားစုဝင်ငွေအခြေအနေ အင်မတန် ဆိုးဝါးသွားခဲ့သည်ဟု ဖြေဆိုကြပါသည်။

မှတ်တမ်းဖြေဆိုသူတဝက်နီးပါးမှ ထောင်ကျစဉ်ခံစားခဲ့ရသည့် နိပ်စက်ခံခဲ့ရမှုနှင့် ထောင်တွင်း အခြေအနေများ၏ နောက်ဆက်တွဲများကြောင့် ယခုအချိန်အထိ ငွေရေးကြေးရေးအခက်အခဲများအား ရင်ဆိုင်နေရဆဲဖြစ်ကြောင်း ဖြေကြားကြပါသည်။ ထို့အပြင် ထောင်မှလွတ်လာပြီးနောက် အလုပ်အကိုင် အဆင်မပြေမှုကြောင့် နိုင်ကျဉ်းဟောင်းသည် မိသားစုဆွေမျိုးသားချင်းများအပေါ် မှီခိုလာရသည့်အတွက်လည်း

မိသားစုငွေရေးကြေးရေး အခက်အခဲအား ပိုမိုဆိုးဝါးစေပါသည်။ ၁၈ ရာခိုင်နှုန်း အလုပ်လက်မဲ့ဖြစ်ကာ မိသားစု ဆွေမျိုးသားချင်းများအပေါ် မှီခိုနေရ၊ ၇၅ ရာခိုင်နှုန်း အလုပ်ရှိသော်လည်း ပုံမှန် သို့မဟုတ် လောက်သည့် ဝင်ငွေမရှိဆိုသည့် အခြေအနေများကိုကြည့်မည်ဆိုပါက နိုင်ကျဉ်းဟောင်းအများအပြားမှာ မိသားစု ရှင်သန် ရပ်တည်ရေးအတွက် လိုအပ်ချက်များအားဖြည့်ဆည်းရန် များစွာရုန်းကန်နေရကြောင်း တွေ့ရှိရပါသည်။

ထို့အပြင် နိုင်ကျဉ်းဟောင်းအများစုတွင် ကျောင်းနေကလေးများရှိပြီး ၎င်းတို့ကျောင်းစားရိတ် ထောက်ပံ့နိုင်ရန် အတွက်လည်း ဂန်ထုပ်ဂန်ပိုးပိုကြီးမားနေပါသည်။ ငွေရေးကြေးရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် နိုင်ကျဉ်းဟောင်းများအတွက် သားသမီးများအား ကျောင်းထားရန် ပညာသင်စားရိတ် မတတ်နိုင်သည့်အခါ ကလေးသူငယ်များ ကျောင်းမနေနိုင်တော့သည့်အတွက် ရေရှည်တွင် မိသားစုလူမှုစီးပွား အခြေအနေအား များစွာရိုက်ခတ်မှုရှိနေပါသည်။

**လူမှုရေးဖယ်ကျဉ်ခံရခြင်း**

လူမှုရေးဖယ်ကျဉ်ခံရခြင်းသည်လည်း နိုင်ငံရေးအကျဉ်းသားများသာမက ၎င်းတို့မိသားစုဝင်များပါ ကျယ်ပြန့်စွာ ရင်ဆိုင်ရသည့် ပြဿနာတရပ် ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းအချို့မှ ၎င်းတို့အကျဉ်းကျစဉ်သာမက ထောင်မှလွတ်ပြီးနောက်ပိုင်းထိပါ အသိုင်းအဝိုင်းတွင်း အကြောက်တရားကြီးစိုးမှုကြောင့် လူမှုရေး ဖယ်ကျဉ် ခံရခြင်းအား ရင်ဆိုင်ရသည်ဟု ဖြေဆိုကြပါသည်။ ၎င်းတို့ထောင်ကျနေစဉ်တွင် အိမ်နီးချင်းများ မိတ်ဆွေများမှ အာဏာပိုင်များ ပြုငြင်မည်ကိုစိုးသောကြောင့် ဖေးကူရန် ထိတွေ့ဆက်ဆံရန် ရှောင်ကြဉ်ကြောင်းနှင့် အချို့ဖြစ်ရပ်များတွင် နိုင်ကျဉ်းမိသားစုများမှ စတင်ပြီး ပတ်ဂန်းကျင်နှင့် ခပ်ခွာခွာနေကြကြောင်း ဖော်ပြကြပါသည်။ ထောင်မှလွတ်သည့်အခါတွင်လည်း မိတ်ဆွေများနှင့် အဆက်ပြတ်သွားခြင်းကြောင့် လည်းကောင်း မိတ်ဆွေများမှ စိုးရိမ်စိတ်မပျောက်သည့်အတွက် မဆက်ဆံကြတော့ခြင်းကြောင့် လည်းကောင်း ကင်းကွာမှုဆက်ရှိနေကြောင်း နိုင်ကျဉ်းဟောင်းအများအပြားမှ ၎င်းတို့အတွေ့အကြုံများအား ဖော်ပြကြပါသည်။

**မိသားစုဆက်ဆံရေးတင်းမာမှုများ**

အချို့နိုင်ကျဉ်းဟောင်းများမှ ၎င်းတို့ထောင်မှလွတ်ချိန်တွင် မိသားစုဆက်ဆံရေး ပြောင်းလဲနေသည်ကို သတိထားမိကြောင်း ဖြေကြားကြပါသည်။ အချို့မှ ၎င်းတို့နှစ်ရှည်ထောင်ကျနေစဉ်အချိန်တွင် အိမ်ထောင်ဖက်မှ နောက်အိမ်ထောင်ပြုသွားသည်များကို ကြုံကြရသည်ဟု ဖော်ပြကြပါသည်။ အခြားသူများမှလည်း မိသားစု ပြိုကွဲမှု သို့မဟုတ် ခွဲနေရခြင်းများရှိကြောင်း ဖြေကြားကြပါသည်။ နှစ်ရှည်လများ မိသားစုနှင့်ကွဲကွာကာ အကျဉ်းကျပြီးနောက် မိသားစုဘဝ ပြန်လည်တည်ဆောက်ရခြင်း၊ မိသားစုတွင်း အဆင်ပြေပြေ ပြန်လည် ဝင်ဆံ့အောင် ကြိုးစားရခြင်းတို့သည် ခက်ခဲသည့်အခြေအနေများကို ရင်ဆိုင်ရသူ အားလုံးအတွက် စိတ်ပင်ပန်းစရာဖြစ်ပါသည်။ မိသားစု သို့မဟုတ် သူငယ်ချင်းမိတ်ဆွေများနှင့် အတူနေရန် အခြေအနေမပေးသူ နိုင်ကျဉ်းဟောင်းများအတွက် ထောင်မှလွတ်သည့်အခါ အိုးအိမ်မဲ့အခြေအနေသို့ရောက်ရှိသွားပြီး ဘဝတူ နိုင်ကျဉ်းဟောင်းများထံ သို့မဟုတ် ဘုန်းကြီးကျောင်းများတွင် နေရသည့် အခြေအနေသို့ရောက်ရှိသွားပါသည်။

နေစရာမရှိသည့်အဖြစ်သည် နိုင်ကျဉ်းဟောင်းအတွက် လတ်တလောပြဿနာဖြစ်ပြီး လူ့အဖွဲ့အစည်းတွင်း ချောမွေ့စွာပြန်လည်ဝင်ရောက်နိုင်ရေးတွင်လည်း ကြီးမားသည့်အဟန့်အတားဖြစ်လာပါသည်။

**နောက်ဆက်တွဲအဆင့်များ**

မှတ်တမ်းကောက်ယူရေးလုပ်ငန်းစဉ် ကနဦးတွေ့ရှိချက်များအရ မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ အနေဖြင့် အကျဉ်းချခံရခြင်းနှင့် ဆက်စပ်ပေါ်ပေါက်လာသည့် ကျန်းမာရေးပြဿနာများ လူမှုစီးပွားဆိုင်ရာ ပြဿနာများ စသည့် ၎င်းတို့ လူ့အဖွဲ့အစည်းတွင်း ပြန်လည်ဝင်ရောက်နိုင်ရေးအား အဟန့်အတားဖြစ်နေသည့် အခက်အခဲပေါင်းများစွာအား ရင်ဆိုင်နေရသည်ကို ရှင်းလင်းစွာဖော်ပြနေပါသည်။ ထိုပြဿနာများအတွက် လတ်တလောအတွက်သာမက ရေရှည်တွင်ပါ အထူးဂရုပြုဆောင်ရွက်ရမည့် လုပ်ဆောင်ချက် လိုအပ်နေပါသည်။ မှတ်တမ်းကောက်ယူရေးလုပ်ငန်းစဉ်အပြီး ထုတ်ပြန်မည့် အစီရင်ခံစာတွင် ထိုပြဿနာများအား ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ရှာကြံကာ အကြံပြုတိုက်တွန်းချက်များအဖြစ် ထည့်သွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

မှတ်တမ်းကောက်ယူသည့်လုပ်ငန်းမှ ရရှိလာမည့် အချက်အလက် မှတ်တမ်း မှတ်ရာများပေါ် အခြေခံသည့် အစီရင်ခံစာနှစ်ခုအား ၂၀၁၅ နှစ်လည်ခန့်တွင် ထုတ်ပြန်ကာ မှတ်တမ်းကောက်ယူသည့် လုပ်ငန်းအား နိဂုံးချုပ်မည်ဖြစ်ပါသည်။

တရားလက်လွတ် နှိပ်စက်မှု ညှဉ်းပမ်းမှုများအား မည်သို့စံနစ်တကျ ကျူးလွန်သည်ကိုဖော်ပြမည့် အစီရင်ခံစာမှ နိုင်ငံရေးအကျဉ်းသားများ၏ ခါးသီးသည့်ထောင်တွင်းဘဝ အတွေ့အကြုံများအား သုံးသပ်ဆန်းစစ်ကာ ကုလသမဂ္ဂ ညှဉ်းပမ်းနှိပ်စက်မှုဆန့်ကျင်ရေးစာချုပ် (UN Convention Against Torture) အား လက်မှတ်ထိုးမည်ဟု ကတိပြုထားသည့်အတိုင်းဖြည့်ဆည်းရန် မြန်မာအစိုးရအား ထပ်မံတိုက်တွန်း တောင်းဆိုမည်ဖြစ်ပါသည်။ နိုင်ငံရေးအကျဉ်းသားဟောင်းများ ရင်ဆိုင်နေရသည့် အခက်အခဲများ လိုအပ်ချက်များအား ဖော်ပြမည့် အစီရင်ခံစာတွင်မူ နိုင်ငံရေးအကျဉ်းသားဟောင်းများအတွက် လိုအပ်သည့် ပြန်လည်ထူထောင်ရေး အစီအစဉ်များလုပ်ဆောင်ရန်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြန်လည်ကုစားရေးအစီအစဉ်တခု ဖော်ဆောင်ရန်အတွက် မြန်မာအစိုးရအား တိုက်တွန်းတောင်းဆိုမည့် အကြံပြုတိုက်တွန်းချက်များ ပါဝင်မည်ဖြစ်ပါသည်။ မှတ်တမ်းကောက်ယူရေး အစီအစဉ်မှ ရရှိလာမည့် အချက်အလက်များ နိုင်ငံရေးအကျဉ်းသားဟောင်းများ ရင်ဆိုင်နေရသည့် လိုအပ်ချက်များပေါ်မူတည်ကာ အေအေပီပီမှလည်း အနာဂတ်တွင် နိုင်ကျဉ်းဟောင်း ပြန်လည်ထူထောင်ရေး အစီအစဉ်သစ်များ ဖော်ဆောင် ကူညီနိုင်မည်ဖြစ်ပါသည်။

အေအေပီပီနှင့် နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်နေသော မှတ်တမ်းကောက်ယူသည့်လုပ်ငန်းစဉ်သည် လုပ်ဆောင်နေဆဲလုပ်ငန်းစဉ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံတွင်း မှတ်တမ်းမကောက်ယူရသေးသည့်ဒေသများတွင် ဆက်လက်ကောက်ယူသွားမည်ဖြစ်ပါသည်။ ထို့အပြင် အေအေပီပီ သုတေသနနှင့် အချက်အလက်ဆိုင်ရာ အကြံပေးမှ လတ်တလောတွင် UCI's School of Law International Justice Clinic မှ အကြံပေးထားချက်အရနှင့် မှတ်တမ်းကောက်ယူသည့် လုပ်ငန်းစဉ်အတွေ့အကြုံများပေါ် အခြေခံကာ မှတ်တမ်းကောက်ယူသည့် မေးခွန်းလွှာအား မွမ်းမံဖြည့်စွက်မှုများ လုပ်ဆောင်လျက်ရှိပါသည်။ မွမ်းမံဖြည့်စွက်ပြင်ဆင်ထားသည့် မှတ်တမ်းမေးခွန်းလွှာအား ဆက်လက်လုပ်ဆောင်မည့် မှတ်တမ်းကောက်ယူမှုများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု၊ ပြန်လည်ထူထောင်ရေးနှင့် အကျဉ်းထောင်စံနစ် ပြုပြင်ရေးကဲ့သို့ ထူးခြားသည့်လုပ်ငန်းစဉ်များအတွက် လိုအပ်မည့် အသေးစိတ်အချက်အလက်များ ထပ်မံရယူရန်အတွက်လည်း မှတ်တမ်းကောက်ယူပြီးသည့် အချို့နေရာဒေသများသို့ ထပ်မံသွားရောက် အချက်အလက်ကောက်ယူရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်ပါသည်။

ဆက်သွယ်ရန်

ကိုတိတ်နိုင် +၆၆ (၀) ၈၁ ၂၈၇ ၈၇၅၁

ကိုသက်ဦး +၉၅ (၀) ၉၇ ၃၁၀ ၇၉၃၃